မိုးကောင်းမြေစာပေ

mgyoe.com

SAMPLE BOOK

# ချစ်ရသူအတွက် ရေးတဲ့စာ

နှင်းအေးလူ



mgyoe.com

mgyoe.com SAMPLE BOOK

ခက်ခက်ခဲခဲနဲ့ ချစ်နေရတာလည်း

လူတစ်ယောက်ရဲ့

အဓိပ္ပာယ်ရှိတဲ့ဘဝတစ်ခု

ဖြစ်နိုင်ခဲ့သေးတာပဲ။

# ချစ်ရသူအတွက် ရေးတဲ့စာ

နှင်းအေးလူ

MKM SP 10000 Ks
9 697006 001837

mgyoe.com

graphic design : Naing Naing @ 2025

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မိုးကောင်းမြေ စာပေ

၀၉ ၉၆၉ ၇၀၀ ၆၀၆ / ၀၉ ၄၄၄ ၉၈၇ ၉၂၈
moekaungmyaysp@gmail.com
mkm@moekaungmyay.com

စာစဉ် – ၁၈၃

mgyoe.com

mgyoe.com SAMPLE BOOK

Fb Page QR

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်ရသူအတွက် ရေးတဲ့စာ

နှင်းအေးလှ

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့် ခုနှစ်၊ လ ■ ၂၀၂၅ ခုနှစ်၊ ဧပြီလ (ပထမအကြိမ်)

စာတည်း ■ ခန့်မှူးပိုင်(ဓာတု)
မျက်နှာဖုံးဒီဇိုင်း ■ Naing Naing
အတွင်းဒီဇိုင်း ■ Min Khaing

ထုတ်ဝေသူ ■ ဦးနိုင်ဝင်းဇော်
(မိုးကောင်းမြေ စာပေ–၀၂၈၈၀)
အမှတ် ၁၅၈ (ပထမထပ်)၊ လမ်း ၅၀ (အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ် ■ ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် (၃၁)၊ ၈၉ လမ်း၊ ကန်နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၁၀၀၀၀

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း(CIP)

နှင်းအေးလူ
ချစ်ရသူအတွက် ရေးတဲ့စာ / နှင်းအေးလူ – ရန်ကုန်၊
မိုးကောင်းမြေ စာပေတိုက်၊ ၂၀၂၅။
၁၂၈ စာ၊ ၂၁ စင်တီ။
(၁) ချစ်ရသူအတွက် ရေးတဲ့စာ

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com
SAMPLE BOOK




အချစ်ရေ...

လူညံ့တွေက အချစ်ကြောင့် ကျဆုံးရတယ်။ လူတော်တွေက အချစ်ကြောင့် အောင်မြင်ကြတယ်။ ချစ်ခြင်းမေတ္တာဆိုတာ ဘဝရဲ့ပျော်ရွှင်မှု၊ ဘဝရဲ့အောင်မြင်မှုပဲ ဖြစ်သင့်တယ်။

နောင်တတွေ၊ အရှုံးတွေ၊ ပူပန်မှုတွေ မဖြစ်သင့်ဘူး။ ကိုယ်လူတစ်ယောက်ကို ချစ်မိတဲ့အတွက် သူရောကိုယ်ပါ အောင်မြင်သင့်တယ်။

Love...


mgyoe.com



အချစ်ရေ...

တချို့တွေက ဆုံစည်းဖို့ခဲယဉ်းတဲ့အချစ်မျိုး တွေ့ကြုံလာတဲ့အခါ ဝဋ်ကြွေးလို့ ထင်တတ်ကြတယ်။ တကယ်တော့ ချစ်ခြင်းမေတ္တာမှာ ဝဋ်ကြွေးဆိုတာ မရှိပါဘူး။ ကိုယ့်ရဲ့ ခံယူတတ်တဲ့စိတ်ကလေးနဲ့ပဲ ဆိုင်တာပါ။ ချစ်ခြင်းမေတ္တာဆိုတာ ဆုံစည်းခွင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စိတ်ထဲကခံစားချက်ကတော့ ပြောင်းလဲသွားလို့မှ မရတာပဲလေ။ တိတ်တိတ်လေးသတိရမိတဲ့အခါ ဒီခံစားချက်ကို ဝဋ်ကြွေးလို့ မခံစားပါနဲ့။ ပြင်းပြင်းထန်ထန် လွမ်းမိတဲ့အခါလည်း ဝဋ်ကြွေးလို့ မညည်းတွားမိပါစေနဲ့။ ကံပေးတဲ့အချစ်ကို လက်ခံပြီး စိတ်ဆန္ဒတစ်ခုကို သည်းခံရတယ်ဆိုတာကလည်း ပါရမီတစ်ခုပါပဲ။ ဒီလို အေးချမ်းတဲ့စိတ်လေး၊ အေးချမ်းတဲ့အမြင်လေးနဲ့ ချစ်လိုက်တဲ့အခါ တန်ဖိုးကြီးတဲ့အချစ်တစ်ခု ဖြစ်သွားတာပါပဲ။ အချစ်စစ်မှန်ရင် တကယ်ငြိမ်းချမ်းပါတယ်။

Love...

♥


mgyoe.com

mgyoe.com SAMPLE BOOK 

အချစ်ရေ…

လူတစ်ယောက်ကို သတိရမိတဲ့အခါ သူ ပျော်နေပါစေ၊ သူ နေကောင်းကျန်းမာပါစေ ဆိုတဲ့အတွေးလေးနဲ့ အေးအေးချမ်းချမ်းလေး နေပေးလိုက်တယ်။ တကယ်တမ်းတော့ အချစ်ဆိုတဲ့ စကားလုံးထက် ချစ်ခြင်းမေတ္တာလို့ပဲ ခံယူပြီး ကိုယ့်မေတ္တာရတဲ့သူလေး အေးချမ်းပါစေလို့ပဲ ဆုတောင်းပေးနေသင့်တာ မဟုတ်လား။

Love...

❤





mgyoe.com



အချစ်ရေ...

တစ်စုံတစ်ယောက်ဟာ ကိုယ့်ရဲ့စိတ်ဝိညာဉ်ကို သိမ်းပိုက်သွားတဲ့အခါ ကိုယ့်ရဲ့အတွေးထဲမှာ သူက စိုးမိုးနေတယ်။ သူနဲ့ကိုယ်ဟာ နီးမနေလည်းပဲ သတိရခြင်းတွေက စက္ကန့်မလပ်ဘူး။ ကိုယ့်ရဲ့အမှတ်တရတွေတိုင်းမှာ သူ့ကို အထူးတလည် လွမ်းဆွတ်ရတယ်။ တကယ်ပါ... တချို့ချစ်ခြင်းတွေက ခြစ်ထုတ်လိုက်ရတဲ့ အနာတရဖြစ်ရပ်တွေ၊ ဒဏ်ရာတွေပါပဲ။ ဒါပေမဲ့ ဘယ်တော့မှ မစွန့်လွှတ်နိုင်တဲ့၊ မက်မက်မောမော လိုချင်မိတဲ့ ဒဏ်ရာတွေပေါ့လေ။


mgyoe.com

mgyoe.com SAMPLE BOOK 

အချစ်ရေ…

ချစ်ခြင်းမေတ္တာဆိုတာ မပိုင်ဆိုင်နိုင်တာသိပေမဲ့ ဘရိတ်အုပ်ပြီး ရပ်တန့်ပစ်လို့မှ မရတာပဲ။ ဒီတော့ သတိရနေတာတွေကို သတိမရသင့်ဘူးလို့ မတားဆီးတော့ဘူး။ သတိရပါစေ။ သတိရမှုတွေထဲမှာ ညစ်နွမ်းမှုတွေ၊ မာယာတွေ မပါပါဘူး။ သတိရပါတယ်လို့ ဖွင့်မပြောဖြစ်တော့အောင် တိတ်တိတ်လေး နေထိုင်လိုက်မိတာ တစ်ခုပါပဲ။ ကိုယ်ရဲ့ရင့်ကျက်သွားခြင်း၊ မေ့တတ်သွားခြင်း တစ်ခုပဲ ထင်ပါတယ် အချစ်ရယ်။






mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK 



အချစ်ရေ…

ချစ်ခြင်းမေတ္တာအကြောင်းကို ကိုယ် ကောင်းကောင်းကြီး နားလည်သွားပါပြီ။ အချစ်ဟာ ဦးနှောက်ဉာဏ်ပညာကို ဖုံးလွှမ်း တတ်တယ်ဆိုတာ တကယ်ပါပဲ။ တစ်ခါတစ်ရံ မိုက်ရူးရဲဆန်တတ် တယ်ဆိုတာလည်း တကယ်ပါပဲ။ လုပ်သင့်တာ မလုပ်သင့်တာ၊ ပြောသင့်တာ မပြောသင့်တာတွေ မခွဲခြားဘဲ လုပ်ချင်ရာ လုပ်တတ်



mgyoe.com

mgyoe.com SAMPLE BOOK


သလို ပြောချင်ရာလည်း ပြောတတ်တယ်။ ဒါပေမဲ့ စိတ်ကို လွှမ်းမိုးခြယ်လှယ်နိုင်တဲ့အချစ်ကို ဆန့်ကျင်ကျော်လွန်ပြီး လုပ်သင့်တာလုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ အဲဒါ လူတစ်ယောက်ကို တကယ်ချစ်မိသွားလို့ ဒီအတိုင်း ရပ်နေခဲ့တာပါ။ သူ့ရဲ့ ဂုဏ်သိက္ခာလေး ပွန်းပဲ့မသွားစေချင်ပါဘူး။ ကိုယ်နဲ့ပတ်သက်လိုက်လို့ သူ့အတွက် တစ်စုံတစ်ရာ ထိခိုက်နစ်နာရမယ်ဆို တိတ်တိတ်လေးနေပေးလိုက်ဖို့ အသင့်ပါပဲ။ စိတ်ထဲက သတိရမိရုံနဲ့တော့ ကိုယ်မင်းကို မဆက်သွယ်တော့ဘူးလေ။ တင်းခံနိုင်သလောက် တင်းခံရမယ်။ ခက်ခက်ခဲခဲနဲ့ ချစ်နေရတာလည်း လူတစ်ယောက်ရဲ့ အဓိပ္ပာယ်ရှိတဲ့ဘဝတစ်ခု ဖြစ်နိုင်ခဲ့သေးတာပဲ။ ဘာကြောင့်လဲဆိုတော့ မျှော်လင့်နေရတဲ့ဘဝကိုက ရှင်သန်နေရခြင်းရဲ့ အကြောင်းတစ်ခု၊ ပိုပြီးလှပတဲ့ အနာဂတ်တစ်ခု ဖြစ်နေလို့ပါ။




mgyoe.com

mgyoe.com
SAMPLE BOOK


အချစ်ရေ...


ချစ်မိသွားတဲ့အခါ ကိုယ်ပျော်ဖို့ထက် သူပျော်ဖို့ ပိုပြီး ဦးစားပေးမိတယ်။ ကိုယ့်ချစ်သူအတွက် အရယ်အပြုံးလေးတွေ၊ နူးညံ့သိမ်မွေ့မှုလေးတွေ ဖန်ဆင်းပေးချင်မိတယ်။ သူ့နှလုံးသား လေး အမြဲတမ်း သိမ်မွေ့နူးညံ့နေစေချင်တယ်။ သူ ပူလောင်နေရမှာ မျိုး၊ နာကျင်ဒေါသဖြစ်နေရမှာမျိုးဆို အပြစ်ကျူးလွန်သူက ကိုယ် တိုင်ဖြစ်နေပါစေ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်ဘူး။ ကိုယ်ဟာ မျှော်လင့်ချက်မဲ့ ပေးဆပ်မှုနဲ့ ချစ်ခဲ့တာမို့ နှလုံးသားတွေ နာကျင်ရ လည်းပဲ မငိုမိအောင် ကြိုးစားနေပါတယ်။ ကိုယ်ချစ်သလောက် သူ့ဘက်က မချစ်တာ သူ့အပြစ်မှ မဟုတ်ဘဲလေ။ အချစ်ကို ညီမျှ ခြင်း ချလို့ရအောင် နှလုံးသားက အဖြေဆိုတာ သင်္ချာပုစ္ဆာတစ်ပုဒ်မှ မဟုတ်ခဲ့တာ။ တစ်ဖက်မှာ ရပ်ကြည့်ငေးမော တမ်းတမိရုံလေးနဲ့ ကျေနပ်ပါတယ်။ သူ့ကိုချစ်ခဲ့တာ ကဗျာလေးတစ်ပုဒ်ပေါ့။ ခံစားမှု ရသက လွမ်းမိတယ်ဆိုရုံလေးပါကွယ်။


mgyoe.com

SAMPLE BOOK

အချစ်ရေ…

ကိုယ့်စိတ်တွေ သိပ်ပင်ပန်းလာတဲ့အခါ ကိုယ့်ရဲ့စိတ်ပျော်ရာလေးကို သတိရမိတော့တာပါပဲ။ သူ့အကြောင်းလေး တွေးမိလိုက်တာနဲ့ ကိုယ့်နှုတ်ခမ်းလေးတွေ အလိုလို ပြုံးမိသွားတယ်။ သူ့အကြည့်၊ သူ့အပြုံးတွေက ကိုယ့်နှလုံးခုန်သံတွေကို မြန်ဆန်လာစေတာမျိုးက အချစ်ဆိုတာလား။ တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာလေ ထာဝရတည်တံ့နေတဲ့ အမှတ်တရခံစားချက်တွေဆိုတော့ မေ့လို့ မရနိုင်ခဲ့ဘူးလေ။




mgyoe.com

mgyoe.com SAMPLE BOOK 



အချစ်ရေ....

ဘယ်နေရာကိုရောက်ရောက်၊ ဘယ်ကိုသွားသွား မင်း အကြောင်း တွေးမိတာပါပဲ အချစ်ရယ်။ မြင်သမျှ၊ တွေ့သမျှဟာ မင်းအတွက်ပါပဲကွယ်။ Shopping mall ထဲက ပစ္စည်းမှန်သမျှ မင်းအတွက် ဝယ်ချင်နေတာ မခက်ဘူးလားနော်။

မင်းအတွက် စုံစီနဖာပစ္စည်းလေးတွေဝယ်ရင်း မင်း ဘာ တွေ ကြိုက်တတ်မှန်းမသိပေမဲ့ ကိုယ်ဝယ်ထားတဲ့ ပစ္စည်းလေးတွေ မှာလေ ကိုယ့်ရဲ့ ချစ်ခြင်းမေတ္တာရနံ့တွေ ပါဝင်နေလို့ မင်းအတွက် အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ် အချစ်ရယ်။

♥



mgyoe.com

mgyoe.com SAMPLE BOOK




အချစ်ရေ…

ကျန်းမာရေးကို ဂရုစိုက်ပါလို့ တတွတ်တွတ် ပြောနေတာတွေက စိုးရိမ်လို့နော်။ အလုပ်တွေ အများကြီးလုပ်ရင်း ကျန်းမာရေးကို မေ့နေမှာ စိုးလို့ပါ။ လူ့ဘဝဆိုတာ အရာအားလုံး မျှခြေဖြစ်အောင် တွေးပြီးနေတတ်မှ ပျော်ရွှင်မှုဆိုတာ ရမှာလေ အချစ်ရဲ့။ အလုပ်ပြီးမြောက်ခြင်း၊ ငွေကြေးဥစ္စာဆိုတာ နံပါတ်တစ်နေရာမှာ အမြဲထားရမယ့် အကြောင်းတရားလို့ မင်းမတွေးပါနဲ့။ ကိုယ်တို့မသေခင် ပျော်ဖို့လိုတယ်။ စိတ်ကို ပေါ့ပေါ့ပါးပါးထားတတ်ဖို့လိုတယ်။ အဓိကလိုအပ်တာက ချစ်ခြင်းမေတ္တာပေါ့လေ။


mgyoe.com

mgyoe.com SAMPLE BOOK



အချစ်ရေ...

ကိုယ်ကတော့လေ... မင်းကို လွမ်းတိုင်း ကြယ်တွေကို ရေတွက်မိတာပါပဲကွယ်။ ညလေအေးအေးထဲမှာ ဆံနွယ်တွေက နှလုံးသားကို တင်းတင်း ရစ်ချည်လိုက်သလိုမျိုး။ မှိတ်တုတ် မှိတ်တုတ် ကြယ်လေးတွေ အချစ်ဆီရောက်အောင် လမ်းပြမပေး နိုင်ကြဘူးလား။ ကြယ်တွေပိုတာ ကဗျာဆို ကိုယ်ပိုတာရော ကဗျာ လေး မဟုတ်ဘူးလား။ ကိုယ့်ရဲ့အချစ်တွေကလေ မင်းနှလုံးသား ကို တင်းတင်းချည်လို့ မရဘူးတဲ့လား။ နာကျင်လျက်နဲ့ မနာကျင် သလိုမျိုးလေး ဟန်ဆောင်နေရတာ တကယ့်ကို မွန်းကျပ်ပါတယ် လေ။ ညမွှေးပန်းတွေ ပွင့်ပြန်ပြီ။ ကိုယ့်ညတွေ ပိုခက်လာပြီ အချစ် ရေ။ အိပ်မက်တစ်ရေးနိုးတွေမှာ စိုးမိုးခြယ်လှယ်နေတာ မင်း ဆိုမှ တော့ လွမ်းရင်းရက်ဆက် တမ်းတရင်း ဆက်မက်နေတဲ့ အိပ်မက် တွေထဲ အအိပ်ခက်တာ... ဝေဒနာ။ မင်း ကိုယ့်ကို ပြန်မချစ်နိုင်တာ... ဒဏ်ရာ။ ဘယ်တော့မှ မကျက်တဲ့ဒဏ်ရာဟာ အတိတ်ကအချစ်ထဲ ရစ်ဝဲနှောင်တွယ်မိသူ ကိုယ့်အတွက်တော့ အရှုန်းခက်ဆဲ၊ အိပ်ပျက် မြဲပေါ့လေ။

♥



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK




အချစ်ရေ...


ကိုယ်က ဘယ်လောက်ပဲသန်မာနေပါစေ ကိုယ် ပြိုလဲနာကျင်နေတဲ့ နေ့ရက်တွေလည်း ရှိခဲ့ပါတယ်။ ကိုယ်ကလည်း အသွေးနဲ့၊ အသားနဲ့၊ ခံစားချက်နဲ့၊ နှလုံးသားနဲ့ ရှင်သန်နေတဲ့ သာမန် မိန်းမတစ်ယောက်ပါပဲ။ ကိုယ့်ရဲ့ပြိုလဲနေတဲ့အချိန်တွေမှာ မင်းဆီက အားပေးစကားလေး ကြားချင်တာပေါ့။ မင်းဆီက ဂရုစိုက် စောင့်ရှောက်မှုလေးတွေ လိုချင်တာပေါ့ကွယ်။ အလိုချင်ဆုံးကတော့ သိပ်ကိုနွေးထွေးတဲ့ မင်းရင်ခွင်လေးထဲ တိတ်တိတ်ဆိတ်ဆိတ်လေး ကြွေကျွဲနေချင်သေးတာပေါ့။ ကိုယ့်ရဲ့စိတ်ဒဏ်ရာတွေ


mgyoe.com

mgyoe.com  SAMPLE BOOK

ကိုလေ... မင်းအချစ်တွေနဲ့ ဖေးမနှစ်သိမ့်ပေးစေချင်တာပေါ့။ ကိုယ်လည်း သာမန်မိန်းမပဲလေ။ ဘယ်လောက်ပဲ တော်တတ်နေပါစေ၊ ဘယ်လောက်ပဲ မာနတွေ ချေမိုးနေပါစေ အချစ်ရှေ့မှာတော့ ပြုလဲနာကျင်ရတာပါပဲ။ တိတ်တိတ်ကလေး ငိုမိတာပါပဲ။ ချစ်တဲ့သူအနားမှာ နေချင်မိတာပါပဲ။

ဒါဟာ ဘယ်သူ့အမှားများလဲကွယ်။ ကိုယ် သိပ်မှားနေတယ်လို့ မင်း တွေးထင်နေမလား။ အသိစိတ်ကိုဖုံးတဲ့ အချစ်တွေထဲ ကိုယ်က ထာဝရပျော်ဝင်နေမိတာ မိုက်မဲမှုလို့များ ခေါင်းစဉ်တပ်ဦးမလား အချစ်ရေ။ ကိုယ်က အသည်းမာသလို ခေါင်းလည်းသိပ်မာတယ်။ ချစ်မိရင် မပြင်တော့ဘူး။ တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆို ပိတောက်ဆိုမှတော့ ကိုယ် မင်းကို ချစ်တယ်လို့ပဲ ပြောတော့မယ်။ ရူးသွပ်မှု၊ မိုက်မဲမှုနဲ့ ယှဉ်တဲ့ အချစ်စိတ်။ ကိုယ် မင်းကို ဘယ်တော့မှ မမေ့ဘူး အချစ်ရဲ့။



 mgyoe.com

mgyoe.com SAMPLE BOOK 



အချစ်ရေ...

မိုးလေးက ညို့တယ်

ဆိုရုံလေးနဲ့ ရင်မှာ လွမ်းတဲ့

ဒဏ်ရာက ထနာတယ်။

လွမ်းတယ်ကွယ်...

မိုးလေးက မညို့တညို့။ နေလေးက မစို့မပို့လေးဆိုတော့ ရာသီဥတုက အုံ့မှိုင်းမှိုင်းနဲ့။ စိတ်ကို အတိတ်ဆီ တွန်းပို့ပြန်တယ်။ အတိတ်ဆိုတာလည်း ကိုယ်မပိုင်ခဲ့တဲ့ အချစ်ထဲ အငွေ့ပြန်သွားတဲ့ မိုးရိပ်ငွေ့လိုပါပဲလေ။ ဆွတ်ပျံ့တဲ့ ချစ်ခြင်းရနံ့တွေ အနောက်တောင်လေဆီ ဦးတည်မျောပါသွားပြီလား။ ပြန်လာပါလို့လည်း မပြောရက်တော့တဲ့ အမှာစကား၊ ချစ်သေးရဲ့လားလို့ မမေးရဲတော့တဲ့ အမှန်တရားတွေ။ နာကျင်ရမှန်းသိလျက်နဲ့ မျိုချထားတဲ့အလွမ်းတွေက တစ်ခါတစ်ရံ ကမ်းပြည့်ကမ်းလျှံ ရွာတတ်တယ်။ မျက်ဝန်းက ရွာတဲ့မိုးက မျက်ရည်တဲ့။ တစ်ခါတစ်ရံတော့လည်း ကိုယ်ရှူးနေတာ ကိုယ်တိုင်သိပြီး မျက်ရည်စက်လက်နဲ့ ရင်ကွဲပက်လက် ငိုတဲ့ မိုးမို့ မရွာပါနဲ့ မိုးရယ်။ ကိုယ် မင်းကို လွမ်းလို့ပါ။

❤



mgyoe.com

m g y
SAMPLE BOOK



အချစ်ရေ...

ဒီနှစ် မွေးနေ့မှစ နောက်နှစ်ပေါင်းများစွာအထိ ပိုပြီး ပျော်ရွှင်ပေးပါ။ ပိုပြီး ကျန်းမာပေးပါ။ ပိုပြီး အသက်တွေ ရှည်ဖို့ ကျန်းမာရေးကို ဂရုစိုက်ပေးပါကွယ်။ မင်းအနားမှာရှိနေဖို့ မဖြစ်နိုင်ပေမဲ့ ကိုယ့်ဘဝမှာ မင်းရှိနေသေးတယ်ဆိုတဲ့ အသိလေးက ကိုယ့်နှလုံးသားကို သိပ်ကို နွေးထွေးစေလို့ပါ။ တစ်ခါတလေ မင်းများ ကိုယ့်ကို ခွဲထားရစ်ခဲ့ရင် ကိုယ် သေများသွားမလား။ ဒီလိုအတွေးနဲ့တင် အရမ်းနာကျင်ရလို့ မတွေးရဲအောင်ပါပဲ အချစ်ရယ်။ မင်း ကိုယ့်ကို ချစ်ချစ်၊ မချစ်ချစ် ကိုယ့်ဘက်က မင်းကို ချစ်မိတာ အမှန်တရားမို့ မင်းမရှိတဲ့ကမ္ဘာမှာ အသက်မရှင်ရဲတာ ကိုယ့်အားနည်းချက်ပါကွယ်။ အချစ်ရေ Happy birthday လို့ နှစ်နှစ်ကာကာ ဆုတောင်းပေးပါတယ်ကွယ်။ မင်းအတွက် မွေးနေ့လက်ဆောင်ကတော့ အထူးတလည် ပြင်ဆင်မနေတော့ပါဘူး။ ကိုယ့်အချစ်တွေနဲ့တင် ပြည့်စုံခမ်းနားနေပါပြီကွယ်။ လောကကြီးမှာ စိန်တွေ၊ ရွှေတွေထက် ပိုပြီးတန်ဖိုးရှိတာ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာပဲ မဟုတ်လား။


mgyoe.com

mgyoe.com

SAMPLE BOOK





အချစ်ရေ...

မင်းနဲ့ကိုယ် ဘယ်တော့မှ မနီးဘူးဆိုရင်တောင် ကိုယ့်အနီးအနား ရပ်ဝန်းလေးမှာ မင်းရှိနေတယ်လို့ သိထားရုံနဲ့ ကျေနပ်တတ်ခဲ့သူပါ။ အခု ကိုယ်နဲ့ ပိုဝေးတဲ့မြို့ဆီ မင်းသွားမယ်ဆိုတော့ ကိုယ့်မှာ ဘယ်လိုဝေဒနာမှန်းမသိအောင် ခံစားလိုက်ရတယ်။ ငိုချင်လျက် လက်တို့ဆိုတာ ကိုယ့်အဖြစ်မျိုးပါပဲလေ။ မင်းများ ကိုယ့်အပေါ် တကယ်ဝေးအောင် ရက်စက်သွားရင် ကိုယ့်ဘဝကြီး မှောင်မိုက်သွားမှာပဲ။ မျှော်လင့်ချက်တွေ၊ ဘဝအဓိပ္ပာယ်တွေ ဘယ်မှာများ သွားရှာဖွေရပါ့မလဲ။ အတွေးတွေဟာ ကိုယ့်အတွက် နာကျင်မှုတွေဖြစ်စေပြီး ကိုယ်ဟာ ရင်ကွဲနာတွေ ကျ။ ကိုယ့်ဘဝက ရှင်



mgyoe.com

mgyoe.com SAMPLE BOOK

လျက်နဲ့ အသက်မဲ့သွားတဲ့ လူတစ်ယောက်လိုပါပဲလေ။ မင်းအပေါ်မှာ ထားမိတဲ့ သံယောဇဉ်ကြိုးလေး တင်းနေသေးလို့ ကိုယ့်စိတ်လိပ်ပြာလေးဟာ မင်းအနား တဝဲလည်လည်နဲ့ အဝေးကို ထွက်မသွားရက်ခဲ့တာပါ။ ရေစက်အဟောင်းတွေ မဆုံလည်းဖြစ်ပေမဲ့ သတိမရတော့ဘူးလို့ မညာချင်တော့ဘူး အချစ်ရေ။ အနောက်တောင်ဆီမှာ ပြုတဲ့မိုး မင်းရင်ဘတ်ကို မစိုပါစေနဲ့။ ကိုယ့်မျက်ဝန်းမှာပဲ စိုပါစေလေ။ မေတ္တာဆိုတာ အသွားအပြန်လို့ ကိုယ် မယူဆပါဘူးကွယ်။ နာကျင်လည်း တစ်ယောက်တည်း၊ မိုးစက်တွေ လွင့်ဝဲ၊ ကိုယ် ငိုနေလည်း အပိုပဲ မဟုတ်လား။




mgyoe.com

mgyoe.com SAMPLE BOOK 



အချစ်ရေ….

ဘဝတွေက တစ်ခုချင်းစီလေ။ ကိုယ် မင်းကိုလွမ်းတိုင်း မင်း ကိုယ့်ကို ဘယ်လွမ်းမလဲလေနော်။ ကိုယ် မင်းကို တန်ဖိုးထား သလောက် မင်းကတော့ အမှတ်တမဲ့လေးလောက်ပဲပေါ့။ ဘာပဲ ဖြစ်ဖြစ် ကိုယ် မနာရက်ပါဘူးလေ။ အချစ်ဆိုတာ နှလုံးသားက

mgyoe.com

m g... SAMPLE BOOK

ပေါက်ဖွားလာတဲ့ မေတ္တာစိတ်သက်သက်မို့ နာအောင်တွေးပြီး မေ့မယ်အားတင်းပေမဲ့ လွမ်းတာလေးက သက်သက်ပါပဲကွယ်။ ဘယ်တော့မှ မနီးတော့မယ့်ဘဝနှစ်ခုထဲ အချစ်ဆိုတာ လိုအပ်လို့လား။ ကိုယ်ဟာ မာနနဲ့တောင် တင်းခံမထားရဲဘူး။ အချစ်ဆိုတာ ကိုယ့်ဘဝမှာ လိုအပ်တယ်။ အဓိက မင်းကို ပိုပြီး ကိုယ့်ဘဝမှာ လိုအပ်တယ်။ ကိုယ့်နှလုံးသားရဲ့ ရင်ခုန်သံဟာ မင်းဆီမှာတဲ့။

အချစ်ဆိုတာမသိတဲ့ ကိုယ့်အဖို့ လူတစ်ယောက်ကို သတိရခြင်းဆိုတဲ့ ထောင်ချောက်ထဲမှာ နှစ်တွေဘယ်လောက်ကြာအောင် ပိတ်မိနေမလဲ။ ကိုယ့်ခံစားချက်တွေအတွက် မင်းကို ကိုယ် မပိုင်ဆိုင်ဘူးဆိုတဲ့အတွေးတွေနဲ့ ကိုယ် ဘယ်လောက်ထိ နာကျင်ရလဲ၊ ဘယ်လောက်ထိ သိမ်ငယ်ရလဲ။ သတိရတိုင်း ဖုန်းမဆက်တော့ဘူးလို့ ကြိတ်မှိတ်မျိုသိပ်လည်း ခဏပါပဲ။ မင်းအသံလေးနဲ့ အလွမ်းဖြေဖို့ ဖုန်းဆက်မိတာပါပဲ။ ဒါပေမဲ့လေ ကိုယ်ဟာ မင်းကို နှောင့်ယှက်သူတစ်ယောက်အဖြစ် သိပ်ကို ရှက်မိပါတယ်။ မဖြစ်သင့်ဘူးဆိုတာသိပေမဲ့ နှလုံးသားရဲ့အလိုဆန္ဒဆိုတာ ငြင်းဖို့ တကယ်ခက်တယ် အချစ်ရဲ့။ မင်းလည်း တစ်စုံတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်မိသွားရင် ကိုယ့်အချစ်တွေကို နားလည်သွားမယ် ထင်ပါတယ်။


mgoe.com

mgyoe.com SAMPLE BOOK 



အချစ်ရေ…

မင်းကို ကိုယ်မပြောဖြစ်ခဲ့တဲ့ စကားတွေ ကိုယ့်ရင်ဘတ်ထဲ အပြည့်ပါပဲကွယ်။ ဒီစကားတွေဟာ အခုတော့ ချစ်ခြင်းဖွဲ့ကဗျာ လေးတွေ ဖြစ်ကုန်ကြပြီ။ ကာရန်မညီပေမဲ့ သိပ်လှတဲ့ ကဗျာတွေထဲ ကိုယ် ထာဝရ စီးမျောနေမိတယ် အချစ်ရေ။ ကိုယ့်ကဗျာဆိုတာ မင်း၊ မင်းဆိုတာ ကိုယ့်ကဗျာမို့ မြတ်နိုးမိတာ အပြစ်ဖြစ်ပြီလား။ ခွင့်လွှတ်စိတ်နဲ့ တွေး၊ မင်းဆီက ဖြေဆေးလေးတော့ လိုချင်သား အချစ်ရေ။ ကိုယ့်ဝေဒနာတွေ၊ ကိုယ့်ဒဏ်ရာတွေ ကျက်မယ့်ဆေး၊ ကိုယ့်ရဲ့စိတ်ဖြေရာလေးဟာ မင်းပါလေ။

❤



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com



အချစ်ရေ...

သက္ကရာဇ်တွေက အလွမ်းတွေကို မဖြိုနိုင်ဘူး အချစ်ရဲ့။ နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ပြောင်းသွားခဲ့ပေမဲ့ ကိုယ့်ရင်ထဲက အလွမ်းတွေက ပိုတိုးတိုးလာတယ် အချစ်ရယ်။ နာကျင်လျက်နဲ့ မမေ့နိုင်တဲ့ချစ်ခြင်းတရားမှာ သစ္စာတရားဆိုတာ ကိုယ့်ရဲ့ အမှန်တရားတစ်ခုပါပဲ အချစ်ရယ်။ မချစ်သင့်ပေမဲ့ မေ့ပစ်လို့လည်း မရဘူး။ နှလုံးသားရဲ့ဖြစ်တည်မှုထဲမှာ စစ်မှန်တဲ့ချစ်ခြင်းတရား ဆိုတာ ကိုယ့်အတွက် တကယ်လိုတယ်။ လူတစ်ယောက် ပျော်ရွှင်ဖို့ အတွက် စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတစ်ခု ရှိနေမှ ဖြစ်မှာမို့ ကိုယ့်ရဲ့ ပကတိဘဝမှာ မင်းကို ချစ်မိတာကို ချစ်မိတယ်လို့ ဝန်ခံလိုက်တာပါ။ မင်းကို ချစ်မိလိုက်မှ ရှင်သန်နေရတဲ့ဘဝတွေဟာ တန်ဖိုးရှိမှန်း ပိုပြီး နားလည်သွားတယ်။ တကယ်ပါကွယ်။ လူတစ်ယောက်ကို ချစ်နေရရုံနဲ့ ခွန်အားတွေ ဖြစ်စေတယ်ဆိုရင် အပိုတွေလို့များ မင်း ဆိုချင်မလား။ ယုံပါလို့ ပြောစရာမလိုအောင် အမှန်တရားက


mgyoe.com

သက်သေပြပေးမှာပါ အချစ်ရယ်။ နေ့ရက်တွေ တစ်ရက်ပြောင်း သွားတိုင်း ပိုတိုးလာတဲ့အလွမ်းတွေဟာ ပိုပြီး တိတ်ဆိတ်သွား တယ်။ လွမ်းတယ်လို့ မပြောသင့်တော့ဘူး။ သတိရတယ်လို့ ဝန်မခံ ရဲတော့ဘူး။ သက္ကရာဇ်တွေပြောင်းတိုင်း ကိုယ့်ဒိုင်ယာရီတစ်ခုတော့ ပြောင်းတယ်။ မင်းကို သတိရခြင်းဆိုတဲ့ စာမျက်နှာတွေအပြည့်နဲ့ ဒိုင်ယာရီဟောင်းတွေ၊ အမှတ်တရနေ့တွေ၊ သိမ်းဆည်းစရာတွေ ပိုများလာပြီ။ ရင်ဘတ်နဲ့ မဆံ့တော့တဲ့အခါ အသိစိတ်နဲ့ လွှတ်ချ ရတယ်။ ကြိုးစားမေ့ပစ်ရတယ်။ အပြာရောင်တိမ်တွေ ကိုယ့်ဘဝကို မချည်နှောင်ပါနဲ့ကွယ်။

❤





mgyaoe.com